# တန်ပြန် ပြုပြင်ပြောင်းလဲရေး

တန်ပြန် ပြုပြင်ပြောင်းလဲရေး သို့မဟုတ် ကာသိုလစ် ပြုပြင်ပြောင်းလဲရေးသည် ပရိုတက်စ်တင့်တို့၏ ပြုပြင် ပြောင်းလဲရေးကို ကာသိုလစ်အသင်းတော်မှ တုံ့ပြန်သော ပြုပြင်ပြောင်းလဲရေးပင် ဖြစ်ပေသည်။ တန်ပြန် ပြုပြင် ပြောင်းလဲရေး၏ အနှက်သာရမှာ ပြန်လည် ဆန်းသစ်သော ရိုးရာ အလေ့အကျင့်များကို ချမှတ်ရန်၊ အတည် ပြုထားသော ကာသိုလစ် ဩဝါဒအား ဓမ္မဆရာများနှင့် ဆိုင်သော ကိုယ်ကျင့်တရား ရင်းမြစ်အား ပြုပြင် သတ်မှတ်ရန်၊ ပရိုတက်စ်တင့်များ၏ ပြန့်ကျယ်လာမှုကို ရပ်တန့်ပစ်နိုင်ရေးကို အဖြေထုတ်ရန်တို့ ဖြစ်ပေသည်။ သို့ဖြင့် ၎င်းသည် ယေဇုးတ် Jesuits ရဟန်းသံဃာများအား မွမ်းမံသင်တန်းပေးသည့် ဆင်မီနာရီး seminaries များ ထူထောင်ခြင်း၊ ကမ္ဘာနှင့်အဝှမ်း သာသနာပြုလုပ်ငန်းများ ပြန်လည် ဆန်းသစ်စေခြင်း၊ အော်သိုဒေါ့ပုံစံ ဝိညာဉ်ရေးရာများကို ဖွံ့ဖြိုးထွန်းကားစေခြင်း (ဖေါ်ထုတ်ခြင်း) (၎င်းတို့မှာ စပိန်တို့၏ စိတ်တန်ခိုးပညာနှင့်၊ ပြင်သစ်တို့၏ ဝိညာဉ်ရေးရာ အယူကဲ့သို့ ဖြစ်သည်) များကို ဘာသာရေး အစီအစဉ်သစ်များ အဖြစ် ထူထောင် လှုပ်ရှားခဲ့ပေသည်။ ထိုဆက်စပ်မှု အားလုံးမှာ ဩဝါဒများကို ပြန်လည် အတည်ပြုပေးသည့် သတ်မှတ်သော ဖွင့်ဆိုချက်များဖြင့် ကျမ်းစာကို ဖွင့်ဆိုပေး၍ "ရောမ အနုပတိလောမ" Roman Catechism အဖြစ် ထုတ်လုပ် ပေးသော ထရင့် သံဃာယနာမှ ဆုံးဖြတ်သတ်မှတ်ချက်များပင် ဖြစ်ပေသည်။

အိုင်ယာလန်၊ စပိန်၊ ပြင်သစ်နှင့် အခြားနေရာများသည် တန်ပြန် ပြုပြင်ပြောင်းလဲရေးတွင် တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်းကြသော်လည်း ၎င်းတို့၏ ပင်မချက်တိုင်မှာ အီတလီပင် ဖြစ်ပေသည်။ ပုပ်ရဟန်း မင်း အမျိုးမျိုးကလည်း သူ့ခေတ်နှင့်သူ ဝိနိစ္ဆယများ တားမြစ်ပိတ်ပင်သော စာအုပ်များစာရင်း Index Librorum Prohibitorum ကို ပြုစုကြပေသည်။ ဝိနိစ္ဆယ ဆိုသည်မှာ အယူလွဲမှုနှင့် အယူလွဲခြင်းကို ခုခံပေးမှု တို့အား စစ်ကြော၍ (စောဒနာ)၍ တရားစွဲဆိုခြင်း ဖြစ်ပေသည်။ ပုပ်ရဟန်းမင်း စိန့် ပိုင်းယာ့စ် (၅) (၁၅၆၆–၁၅၇၂) သည် မိစ္ဆာ အယူများနှင့် အသင်းတော်အတွင်း လောကီဆိုင်ရာ ချိုးဖေါက်မှုများကို ရပ်တန့်စေခြင်း ကြောင့်သာမက၊ သူ၏ ဘာသာတရားကိုင်းရှိုင်းမှု ဘက်ဆီသို့ ဆည်းကပ်မှုနှင့် ပရိုတက်စ်တင့်တို့၏ လျှောက် လွှဲချက်များ၏ ပင်မကို စီစစ်ဆုံးဖြတ်ခြင်းများကြောင့် လူသိများပေသည်။ ပိုင်းယာ့စ်သည် သူ၏ ပုပ်ရဟန်းမင်း ရာထူးကို ဆင်းရဲသားတို့အား များစွာသော အလှူပေးခြင်း၊ ထောက်ပံ့ဝေငှခြင်း၊ ဆေးကုပေးခြင်း များဖြင့်စတင် ခဲ့ပေသည်။ သူသည် ဆင်းရဲသားနှင့် လူမမာတို့အား ကြည့်ရှုစောင့်ရှောက်ခြင်း၊ သာသနာပြုအဖွဲ့များအား ထောက်ပံ့ပေးခြင်းများဖြင့် လူသိများပေသည်။ သူ၏ တစ်ပြိုင်နက်တည်း ဆောင်ရွက်မှုများအနက် ရောမ၏ ရှေ့ဟောင်း ခရစ်ယာန် မြေအောက်သင်္ချိုင်းဂူအား ပြန်လည်ရှာဖွေတွေ့ရှိခြင်းလည်း ပါဝင်ပေသည်။ ဒိုင်အာမက်ဒ် မက်ကူလော့ချ် Diarmaid MacCulloch က "ဤ ရှေးဟောင်း အာဇာနည်များအား တစ်ကြိမ်ထပ်လောင်း၍ ဖေါ်ပြခြင်းမှာ ကာသိုလစ်များသည် လတ်ဆတ်လျှက်ရှိသော အာဇာနည်များဖြင့် စတင်ခဲ့ပြီး၊ ပြည်တွင်းပြည်ပ သာသနာပြုမြေများ၌ ဥရောပမြောက်ပိုင်းမှ ပရိုတက်စ်တင့်တို့အား ပြန်လည် အောင်နိုင်စေရန် လှုပ်ရှားမှုပင် ဖြစ်ပေသည်။ မြေအောက်သင်္ချိုင်းဂူသည် များစွာသော ဆောင်ရွက်မှုများနှင့် သူရဲကောင်းတို့အား အားသွင်း ပေးခြင်းကို သက်သေပြလျှက် ရှိ၏" ဟု ဖေါ်ပြထားပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com